မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 27 , 2025 Volume 87, Number 18

၂၇.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၉.၂၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၄၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၀.၈၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၂.၄၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခက်မာက ပြောပြသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငါးရံ့တွေ ရန်ကုန်ဈေးကွက်ကို သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားကောင်းခဲ့တာကလဲ ပြည်တွင်းမှာ ဝယ်ယူမှုများနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက်ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ကျပ် ၁၅၅,၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ကျပ် ၁၇၅,၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ကျပ် ၂၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:ရတနာပုံသတင်းစာ**

https://myantrade.gov.mm/article/ naypyitaw_26022025_1050

## မန္တလေးပဲကြီးစျေးနှုန်းစျေးကွက်




ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း မန္တလေးစျေးကွက်သို့ ပဲကြီးသီးနှံများ ဝင်ရောက်မှုများလျက်ရှိပြီး၊ ပဲကြီးသီးနှံမှာ (အစို/အခြောက်) အရောင်းသွက်သည့် ပဲတစ်မျိုးဖြစ်ကြောင်းသိရပါတယ်။ မန္တလေးတိုင်းဒေသကြီးသည် ပဲသီးနှံမျိုးစုံ စိုက်ပျိုးမှုများပြားသည့် တိုင်းတစ်ခုဖြစ်ပြီး၊ မန္တလေး စျေးကွက်အတွင်းသို့ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့်မြင်းခြံခရိုင်တို့မှ စိုက်ပျိုးထွက်ရှိသည့် ပဲကြီးသီးနှံများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှထွက်ရှိသည့် ပဲကြီးသီးနှံများလည်း ဝင်ရောက်မှုများကြောင်း သိရပါတယ်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ပဲကြီးသီးနှံအပါအဝင် ပဲမျိုးစုံစိုက်ပျိုးမှု ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၁,၂၇၀,၂၂၇ ဧကဖြစ်ပြီး၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၁,၁၀၉,၄၇၇ ဧကဖြစ်သည့်အတွက် ပဲမျိုးစုံစိုက်ဧက လျော့နည်းသွားကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရပါတယ်။ မန္တလေးပွဲစား ကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ပေါက်စျေးမှာ ၃ တင်းဝင်တစ်အိတ်လျှင် ပဲကြီး(ကြီး)၂၆၅,၀၀၀ ကျပ်၊ ပဲကြီး(လတ်) ၂၆၀,၀၀၀ ကျပ်၊ ပဲကြီး(သေး) ၂၄၀,၀၀၀ ကျပ်၊ တစ်ပိဿာပေါက်စျေးမှာ ပဲကြီး(ကြီး) ၄၇၉၆ ကျပ်၊ ပဲကြီး(လတ်) ၄၇၀၆ ကျပ်နှင့် ပဲကြီး (သေး) ၄၃၄၄ ကျပ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်နှစ်ကာလတူအချိန်တွင် ပဲကြီး (ကြီး) ၃ တင်းဝင် တစ်အိတ်လျှင် ၃၅၅,၀၀၀ ကျပ်နှင့် တစ်ပိဿာလျှင် ၆၄၂၅ ကျပ်စျေးဖြစ်ပေါ်ခဲ့ပြီး၊ ယခုနှစ်ပေါက်စျေးနှင့်ယခင်နှစ်ပေါက်စျေး နှိုင်းယှဉ်ပါက ပဲကြီးစျေးလျော့နည်းသွားကြောင်း သိရပါတယ်။ ပဲကြီးသီးနှံဝင်ရောက်မှု ပမာဏပေါ်မူတည်၍ ရက်အလိုက်ပေါက်စျေး အနည်းငယ် ပြောင်းလဲမှုရှိကြောင်း သိရပါတယ်။ ပြည်တွင်း၌ ပဲကြီးသီးနှံမှာ အရောင်းသွက်သည့် ပဲတစ်မျိုးဖြစ်ပြီး၊ ပြည်တွင်းစားသုံးမှုပမာဏများပြားခြင်းနှင့် ပြည်ပတင်ပို့သည့်စျေးကွက်လိုအပ်ချက်များသည့် ပဲတစ်မျိုးဖြစ်ကြောင်း သိရပါတယ်။

**DOCA(မန္တလေး)**

https://www.doca.gov.mm/my/node/32733

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍သိရသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ "ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန်အိတ်ရေ အများအပြား ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဓနုဖြူမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းဆန်ကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်" ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ https://myantrade.gov.mm/article/naypyitaw_26022025_1045

## ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထိ ကုလားပဲခြမ်းများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ကုလားပဲခြမ်းများ တစ်ရက်လျှင် ပိဿာချိန် ၁၀၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ "ကုလာပဲခြမ်းတွေက အရင်ထက် တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ကုလားပဲခြမ်းတွေက ဆောင်းကာလကျန်တဲ့ ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ကုလားပဲစိုက်တောင်သူတွေ၊ ပဲလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက် ကုလားပဲခြမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းနေပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။ ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့် ဒေသများကို တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၆,၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၃,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ငရုတ်သီးစိမ်းပိဿာချိန် ၇၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၃၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၇,၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။ "ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်းပိဿာချိန် ၇၃,၀၀၀ ကို ဇန်နဝါရီလထဲမှာ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ အခုနှစ် ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ အမှာကုန်များပြီး တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်"ဟု သိရသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေးပဲပုပ်ဈေးနှုန်းဈေးကွက်




ဖေဖော်ဝါရီနောက်ဆုံးပတ်အတွင်း မန္တလေးဈေးကွက်သို့ ရှမ်းပြည်နယ်မှ ပဲပုပ်(ရှမ်း)သီးနှံများ ဝင်ရောက်လာကြောင်း သိရပါတယ်။ ပဲမျိုးစုံအနက် ပဲပုပ်မှာ ပြည်တွင်းစားသုံးမှုများပြားခြင်းနှင့် ပြည်ပတင်ပို့ရောင်းချသည့် ဈေးကွက်ဝင် ပဲအမျိုးအစားဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးသည် ပဲသီးနှံမျိုးစုံ စိုက်ပျိုးမှုများပြားသည့် တိုင်းတစ်ခုဖြစ်ပြီး၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပဲပုပ်သီးနှံ အပါအဝင် ပဲမျိုးစုံစိုက်ပျိုးမှု ၁,၁၀၉,၄၇၇ ဧကဖြစ်ကြောင်း သိရပါတယ်။

မန္တလေးဈေးကွက်အတွင်းသို့ ရှမ်းပြည်နယ်မှထွက်သည့် ပဲပုပ်များ ဝင်ရောက်မှုများပြီး၊ မန္တလေး၊ စစ်ကိုင်း၊ ရေဝတီ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှလည်း ဝင်ရောက်ကြောင်း သိရပါတယ်။ မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များမဟာကထိန်တော်အသင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ပေါက်ဈေးမှာ ၃ တင်းဝင် တစ်အိတ်လျှင် ပဲပုပ်(ကာဘိုး) ၃၂၀,၀၀၀ ကျပ်နှင့် ၃၂၅,၀၀၀ ကျပ်၊ ပဲပုပ်(ဗမာ) ၂၈၃,၀၀၀ ကျပ်နှင့် ၂၉၀,၀၀၀ ကျပ်၊ ပဲပုပ်(ရှမ်း) ၃၃၀,၀၀၀ ကျပ်နှင့် ၃၃၅,၀၀၀ ကျပ်၊ တစ်ပိဿာပေါက်ဈေးမှာ ပဲပုပ်(ကာဘိုး) ၆၀၀၉ ကျပ်နှင့် ၆၁၀၃ ကျပ်၊ ပဲပုပ်(ဗမာ) ၅၃၁၅ ကျပ်နှင့် ၅၄၄၆ ကျပ်၊ ပဲပုပ်(ရှမ်း) ၆၁၉၇ ကျပ်နှင့် ၆၂၉၁ ကျပ် အသီးသီးတို့ဖြစ်ကြောင်း သိရပါတယ်။ ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ ၃ တင်းဝင် တစ်အိတ်လျှင် ပဲပုပ် (ကာဘိုး) ၁၆၅,၀၀၀ ကျပ်နှင့် ၁၆၉,၀၀၀ ကျပ်၊ ပဲပုပ် (ဗမာ) ၁၆၅,၀၀၀ ကျပ်၊ ပဲပုပ်(ရှမ်း) ၁၆၂,၀၀၀ ကျပ်နှင့် ၁၇၂,၀၀၀ ကျပ်၊ တစ်ပိဿာပေါက်ဈေးမှာ ပဲပုပ်(ကာဘိုး) ၃၀၉၉ ကျပ်နှင့် ၃၁၇၄ ကျပ်၊ ပဲပုပ်(ဗမာ) ၃၀၉၉ ကျပ်၊ ပဲပုပ်(ရှမ်း) ၃၀၄၂ ကျပ်နှင့် ၃၂၃၀ ကျပ်တို့ဖြစ်ပြီး ယခုနှစ်နှင့်ယခင်နှစ် ပေါက်ဈေးနှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ပဲပုပ်(ကာဘိုး) ၂၉၃၁ ကျပ်၊ ပဲပုပ်(ရှမ်း) ၃၀၆၁ ကျပ်နှင့် ပဲပုပ်(ဗမာ) ၂၃၄၇ ကျပ်အသီးသီး ဈေးပိုမိုရရှိကြောင်း သိရပါတယ်။ ပဲပုပ်ဝင်ရောက်မှုပမာဏပေါ်မူတည်၍ ရက်အလိုက် ပေါက်ဈေး အနည်းငယ်ပြောင်းလဲမှုရှိပြီး၊ ယခုနှစ် ပဲပုပ်သီးနှံမှာ ဈေးကောင်းရသည့် ပဲတစ်မျိုးဖြစ်ကြောင်း သိရပါတယ်။

**DOCA(မန္တလေး)**

https://www.doca.gov.mm/my/node/32732

## ရက်သတ္တပတ်အတွင်း ပဲပုပ်စေ့နှင့်ပြောင်းဈေးတက်နိုင်

ဈေးကျခဲ့သော ပဲပုပ်စေ့သည် ယခုသီတင်းပတ်မှစ၍ အတက်ဘက်သို့ ဦးတည်နေကြောင်း၊ အာဂျင်တီးနားတွင် အပူချိန် လျော့ကျလာပြီး ခြောက်သွေ့သောဒေသများ၌ မိုးရွာနိုင်ကြောင်းနှင့် ဘရာဇီးတွင် ရိတ်သိမ်းချိန်၌ ရာသီဥတုပိုမိုကောင်းမွန် နိုင်ကြောင်း ခန့်မှန်းချက်များကြောင့် တောင်အမေရိကတိုက်၏ ပဲပုပ်စေ့ထုတ်လုပ်မှုသည် အမေရိကန်လယ်ယာဌာန၏ ခန့်မှန်းချက်နှင့်မတူဘဲ ထုတ်လုပ်မှုပိုများနိုင်ကြောင်း၊ ဖေဖော်ဝါရီလအတွင်း ဘရာဇီးပဲပုပ်စေ့တင်ပို့မှုသည် ပြီးခဲ့သည့်အပတ် တင်ပို့မှုပမာဏ တန်ချိန် ၉ ဒသမ ၇၇ သန်းထက် ကျော်ပြီးတန်ချိန် ၁၀ ဒသမ ၁ သန်း ရောက်ရှိမည်ဖြစ်ကြောင်း၊ ပဲပုပ်စေ့ကို အစားအစာထက် ဆီအဖြစ် ပိုမိုထုတ်လုပ်သော်လည်း ယခုအပတ် ဘရာဇီး၏ ပဲပုပ်စေ့ အစာတင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၉၃ သန်းရှိမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်၌စတင်မည့် တရုတ်၏ အမေရိကန်အပေါ် တန်ပြန်အကောက်ခွန်ကောက်ခံ ခြင်းတွင် ပဲပုပ်အပါအဝင် အမေရိကန် လယ်ယာထွက်ကုန်များ မပါဝင်သေးကြောင်း၊ နောက်ပိုင်းတွင် တရုတ်၏ အကောက်ခွန် တိုးမြှင့်ကောက်ခံမည့် ကုန်စည်စာရင်းတွင် အမယ်တိုးလာနိုင်ကြောင်း https://www.brownfieldagnews. com/ သတင်းက ဖော်ပြထားပါသည်။

ပြောင်းဝယ်လိုအားတက်နေသဖြင့် ဘရာဇီး၏ ပြောင်းသီးထပ်စိုက်ပျိုးမှု တိုးတက်နိုင်ကြောင်း အမေရိကန်လယ်ယာဌာန၏ ခန့်မှန်းချက်ကို လာမည့်မတ်လကုန်အထိ စောင့်ကြည့်ရန်လိုကြောင်း၊ အမေရိကန်စွမ်းအင်ဆိုင်ရာ သတင်းအချက်အလက်ဌာန အရ တစ်ပတ်အတွင်း အီသနောထုတ်လုပ်မှုသည် ပျမ်းမျှထက်ပို၍ လျော့ကျနေသော်လည်း အီသနောတင်ပို့မှုသည် တစ်ရက်ကို

စည်ပေါင်း ၁၅၀,၀၀၀ ဖြင့် ပြီးခဲ့သည့်အပတ်ကထက် စည်ပေါင်း ၄၄,၀၀၀ ပိုမိုတင်ပို့နေကြောင်း၊ အီသနောထုတ်လုပ်မှု အားနည်းနေသော်လည်း တိရစ္ဆာန်အစာနှင့်အခြားအစားအစာများအတွက် ဝယ်ယူမှုများရှိသဖြင့် ဘရာဇီး၏ ပြောင်းတင်ပို့မှု သည် ပြီးခဲ့သည့်အပတ်အတွင်း ခန့်မှန်းချက်ကိုကျော်လွန်၍ တန်ချိန် ၁၀ ဒသမ ၇ သန်း တင်ပို့ခဲ့ကြောင်း၊ ရာသီဥတု အခြေအနေ ကြောင့် အာဂျင်တီးနား၏ ပြောင်းစိုက်မှု အနည်းငယ်လျော့ကျနိုင်ကြောင်း ပြောကြားထားပါသည်။

ဂျုံဝယ်လိုအားတက်နေသော်လည်း အမေရိကန်၊ ဂျုံစိုက်ဒေသများတွင် အအေးလွန်ကဲခြင်း သို့မဟုတ် နှင်းမကျခြင်းတို့ ကြောင့် စိုက်ပျိုးမှုရေရိယာကို မခန့်မှန်းနိုင်သေးကြောင်း၊ ဥရောပ၊ အိန္ဒိယ၊ ရုရှားနှင့်ယူကရိန်းတို့တွင် ဂျုံကုန်သွယ်မှု တိုးတက်မည် ဟု ခန့်မှန်းကြောင်း၊ ပင်လယ်နက်ဒေသ၌ ရောင်းအားကျဆင်းမှုကြောင့် ပို့ကုန်တိုးလာမည်ဟု ခန့်မှန်းကြောင်း၊ သို့သော် ဒေါ်လာ တန်ဖိုး၊ အာဂျင်တီးနားနှင့်ဩစတြေးလျတို့၏ သဘော်တင်ပို့မှုအရှိန်နှင့် အခွန်နှုန်းများအပေါ်လည်း မူတည်ကြောင်း၊ အမေရိကန် သမ္မတသစ်တက်ပြီး ရုရှား-ယူကရိန်းစစ်ပွဲရပ်တန့်ရန် အလားအလာများရှိလာပါက ဂျုံသီးနှံအသစ် စိုက်ပျိုးမှုအပေါ် ခန့်မှန်းချက် များ ပြောင်းလဲသွားမည်ဖြစ်ကြောင်းတို့ကို သတင်းဌာနက ဖော်ပြထားပါသည်။

**ရင်းမြစ်။ https://www.brownfieldagnews.com/**

https://commerce.gov.mm/my/article/update-news-international-trade/32175

## အိန္ဒိယသည် ဒေသခံတောင်သူများအား ပံ့ပိုးကူညီရန် ဟင်းသီးဟင်းရွက်ဆီ တင်သွင်းခွန်အား တိုးမြှင့်ကောက်ခံဖွယ်ရှိ

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆီထွက်သီးနှံဈေးနှုန်းများ ကျဆင်းမှုကြောင့် ထောင်နှင့်ချီသော ဆီထွက်သီးနှံတောင်သူများကို ထောက်ပံ့ကူညီရန်အတွက် ဟင်းသီးဟင်းရွက်ဆီများအပေါ် တင်သွင်းခွန်ကောက်ခံမှုအား ခြောက်လအတွင်း ဒုတိယအကြိမ် တိုးကောက်ဖွယ်ရှိကြောင်း အစိုးရသတင်း ရင်းမြစ်နှစ်ခုက သောကြာနေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး စားသုံးဆီတင်သွင်းသူ၏ သွင်းကုန်ခွန်တိုးမြှင့်ခြင်းသည် ပြည်ပမှ စားအုန်းဆီ၊ ပဲဆီနှင့် နေကြာဆီများ ဝယ်ယူမှု လျော့ချနိုင်ခြေရှိပြီး ပြည်တွင်းစားသုံးဆီနှင့် ဆီထွက်သီးနှံ ဈေးနှုန်းများကို မြင့်တက်စေနိုင်ပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် အိန္ဒိယသည် ရေနံစိမ်းနှင့်သန့်စင်ပြီးဟင်းသီးဟင်းရွက်ဆီများအပေါ် အခြေခံ အကောက်ခွန် ၂၀ ရာခိုင်နှုန်းချမှတ်ခဲ့သည်။ ထိုသို့ အခွန်နှုန်းထားပြင်ဆင်ပြီးနောက် စားအုန်းဆီ၊ ပဲဆီနှင့်နေကြာဆီ ကုန်ကြမ်း များသည် ယခင်ကကောက်ခံသည့် ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက ၂၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တင်သွင်းခွန် ဆောင်ခဲ့ရပြီး ယခုအခါ သန့်စင်ပြီးဖြစ်သော ယင်းဆီသုံးမျိုးအပေါ် အခွန် ၃၅ ဒသမ ၇၅ ရာခိုင်နှုန်း သွင်းကုန်ခွန် ကောက်ခံလျက် ရှိသည်။

အကောက်ခွန်တိုးပြီးသော်လည်း ပဲပုပ်ဈေးသည် အိန္ဒိယအစိုးရက သတ်မှတ်ထားသော ထောက်ပံ့ဈေးထက် ၁၀ ရာခိုင်နှုန်းအောက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်းနှင့် ကုန်သည်များက လာမည့်လတွင် ရာသီ သီးနှံသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်လာသည်နှင့်အမျှ rapeseed ဈေးနှုန်းများ ထပ်မံကျဆင်းရန် မျှော်လင့်ထားနေကြကြောင်း သိရသည်။

ပြည်တွင်းပဲပုပ်ဈေးသည် ၁၀၀ ကီလိုဂရမ်လျှင် ၄၃၀၀ ရူပီး (၄၉ ဒသမ ၆၄ ဒေါ်လာ) ဝန်းကျင်ရှိပြီး နိုင်ငံတော်မှ သတ်မှတ် ထားသော အနိမ့်ဆုံးထောက်ပံ့ဈေး ၄၈၉၂ ရူပီးထက် နိမ့်ကျလျက်ရှိသည်။ ဆီထွက်သီးနှံဈေးနှုန်းများ နိမ့်ကျခြင်းကြောင့် စားသုံးဆီတင်သွင်းခွန်များ တိုးမြှင့်ကောက်ခံသင့်သည်ဟု တာဝန်ရှိသူတစ်ဦးကပြောကြားထားပြီး တိုးမြှင့်မည့် ပမာဏ အတိအကျကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။

ဆီထွက်သီးနှံ တောင်သူများသည် ဖိအားများခံနေရပြီး ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် ၎င်းတို့၏ စိတ်ဝင်စားမှုကို ဆက်လက်ထိန်းသိမ်းထားရန် ပံ့ပိုးကူညီမှုများလိုအပ်နေကြောင်း Solvent Extractors' Association of India မှ အမှုဆောင် ဒါရိုက်တာ B.V. Mehta က ပြောကြားခဲ့သည်။

အိန္ဒိယ ဆီကြိတ်ခွဲသန့်စင်သည့်လုပ်ငန်းရှင်များက မတ်လမှဇွန်လအတွင်း တင်ပို့ရန်စီစဉ်ထားသော စားအုန်းဆီကုန်ကြမ်း မက်ထရစ်တန် ၁ သိန်းအား တင်သွင်းခွန်တိုးလာခြင်းကြောင့် ပယ်ဖျက်ခဲ့သည်ဟု Reuters က ကြာသပတေးနေ့တွင် ဖော်ပြ ခဲ့သည်။

အိန္ဒိယသည် ၎င်း၏ ဟင်းသီးဟင်းရွက်ဆီလိုအပ်ချက်၏ သုံးပုံနှစ်ပုံနီးပါးကို ပြည်ပမှတင်သွင်းနေရပြီး ဆီအုန်းကို

အင်ဒိုနီးရှား၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့မှ အဓိကဝယ်ယူကာ ပဲဆီနှင့်နေကြာဆီတို့ကို အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့် ယူကရိန်းတို့မှ တင်သွင်းကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ပြည်တွင်းဆီထွက်သီးနှံဈေးနှုန်း ကျဆင်းမှုကို တားဆီးနိုင်ရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးသူတောင်သူများအား အထောက်အပံ့ဖြစ်စေရန်အတွက် ပြည်ပမှတင်သွင်းသည့် ဟင်းသီးဟင်းရွက်ဆီများကို အခွန်နှုန်း တိုးမြှင့်ကောက်ခံရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

**Source: India likely to raise vegetable oil import taxes to help support local farmers, The Economic Times, 21 February, 2025.**

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/npt-25220251226

## ကုန်သွယ်ရေးပဋိပက္ခများရှိနေသော်လည်း ဂျပန်နိုင်ငံက ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သွားရန် စိတ်ဝင်စားမှုရှိနေ

ကုမ္ပဏီအချို့၏ ထုတ်လုပ်မှုစက်ရုံများ ပြန်လည်နေရာချထားမည့် အစီအစဉ်များကို စဉ်းစားစေသော အမေရိကန်-တရုတ်ကုန်သွယ်ရေးပဋိပက္ခ၏ သက်ရောက်မှုအပေါ် စိုးရိမ်မှုများရှိနေသော်လည်း ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့သွားရန် ဂျပန်လုပ်ငန်းရှင်များက စိတ်ဝင်စားမှုရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က ထုတ်ဖော်ပြောကြားချက်အရ သိရပါ သည်။

မော်တော်ကားနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းကဏ္ဍများမှသည် အဖျော်ယမကာလုပ်ငန်းအထိ ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းထားကြောင်း၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင်ကျင်းပခဲ့သည့် Roadshow တွင် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ တာဝန်ရှိသူများသည် ရေနံဓာတု၊ ပလတ်စတစ်၊ အစားအစာ၊ ဒီဂျစ်တယ်နည်းပညာနှင့်ထောက်ပံ့ပို့ဆောင်ရေးအပါအဝင် စက်ရုံများစွာမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့ကြောင်း၊ အချို့မှာ ကုန်သွယ်ရေးပဋိပက္ခသက်ရောက်မှုကို ရှောင်ရှားရန် တရုတ်နိုင်ငံမှ အပြင်သို့ထွက်လိုကြကြောင်း၊ Isuzu Motors သည် ထိုင်းနိုင်ငံရှိ ၎င်း၏ စက်ရုံမှ အစပထမတွင် ပို့ကုန်အတွက် လျှပ်စစ်ပစ်ကပ်ကားထုတ်လုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ကုမ္ပဏီမှ ယခုနှစ်အတွင်း နော်ဝေသို့ ဘက်ထရီပစ်ကပ်ကားများ တင်ပို့ရန်စီစဉ်ထားကြောင်း ဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Narit Therdsteerasukdi က ပြောကြားခဲ့သည်။

Isuzu သည် အတွင်းပိုင်းလောင်ကျွမ်းအင်ဂျင်မှ လျှပ်စစ်မော်တော်ကားထုတ်လုပ်သည့် နည်းပညာသို့ပြောင်းလဲနေပါကြောင်း၊ အခြားသော မော်တော်ကားထုတ်လုပ်သူများကလည်း ထိုင်းနိုင်ငံရှိ ၎င်းတို့ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆောင်ရွက်သွားလိုကြောင်း၊ Mitsubishi Motors က နှစ်မျိုးသုံးလျှပ်စစ်မော်တော်ကားပုံစံသစ်ကို ကြော်ငြာရန် ဆောင်ရွက်လျက်ရှိပြီး ဒုတိယနှစ်ဝက်တွင် ဘက်ထရီ လျှပ်စစ်မော်တော်ကား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းကဏ္ဍတွင် Toshiba Electronic Device နှင့် Storage၊ Minebea-Mitsumi နှင့် Rapidus တို့ကလည်း ထိုင်းနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို စိတ်ဝင်စားလျက်ရှိပါကြောင်း၊ Suntory Group ကလည်း ကျန်းမာရေးနှင့်ဆိုင်သည့် အဖျော်ယမကာနှင့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေသည့် ထုပ်ပိုးမှုပုံစံကို ဦးစားပေး၍ ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့လိုကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် အစိမ်းရောင်ထုတ်ကုန်များကို ၁၀၀ ရာခိုင်နှုန်းကို သုံးစွဲရန် ရည်မှန်းထားကြောင်း သိရပါသည်။

**Source:** www.bangkokpost.com **စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

## STOCK EXCHANGE (27.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,637 (Shares) | 9,971,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 209 | 1,525,700 | 33,109,694 | 241,701 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 615 | 1,814,250 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,950 | 1,950 | 1,850 | 1,059 | 1,964,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 267 | 750,850 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 743 | 1,188,800 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +150 | +3.90% | 3,800 | 4,000 | 3,800 | 462 | 1,807,700 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,250 | 3,250 | 3,200 | 281 | 912,250 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Feb. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.99 | -0.99 | -0.27% | 362.30 | 362.79 | 360.59 | 3,637 | 9,971,550 | 8 | 682,789 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 28th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 3,639 (Shares) | 9,977,550 (MMK) |

### Main Board

As of 1:00 pm, 28th Feb. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,637 (Shares) | 9,971,550 (MMK) |

| MYANPIX | 361.99 ▼ 0.99 |
|---|---|
| Total Volume (shares) | 3,637 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 682,789 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 150 |
| MAEX | 00008 | 3,200 | ▲ 0 |